အတွဲ ၄၂။ အမှတ် ၄၁။

# ရွှေသွေး
Shwethway


၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်။ (9-10-2010)


# ခြင်နဲ့ ကဏန်း


ကာတွန်း မင်းဦး (ဒဿန)


# Mosquito and Crab

By Cartoon Min Oo (Philo)






Frogs came to the Crab and began to sing in varied keys.
If our father comes to us Let's have him crack a coconut and eat flesh of the nut."
The frogs' singing got the crab off to sleep, but just for a moment.
zzzz.
Meanwhile, the sky was overcast and it began to rain with a rumble of thunder.
The rain was a great joy to the frogs, who roared with laughter.
Wah- haa- haa
Byac- heee- heee
heeh - heeh
Since frogs stopped singing and burst into laughter, the Crab woke with a start.
"Oh, my! What's wrong?"
Then he flew into fury.
"Bah, the frogs were opposed to my prohibition."
"Our laughter may have disturbed Mater Crab. Do forgive us."
The Crab losing control, the frogs scattered in terror.
But a frog did not run away.He, on behalf of the others, sought a pardon from the Crab.
PANT ....... ....PANT
"We couldn't help laughing as we saw a snail running with his house over his shoulder."




Then, the Crab seemed to think deeply nodding his head.
"Well, I get it. "
"Look for the snail yourself and fetch him."
"The firefly kept flying over the roof of my house, shining on and off.So, I was frightened and fled with my house over my shoulder."
"You ran shouldering your house, didn't you? What's wrong, Snail?"
A little later, the frog brought the snail before the Crab.
"In this case, the Firefly sounds guilty too. Fetch him at once."
Soon, the Firefly arrived before the Crab.
"What Sir?"
"For what did you fly and shine on and off near the Snail's house? Would there be trouble if a fire broke out?"
"Oh, mother, it's scorching. Hee!"
The Firefly explained.
"This is how it is . . . ."
"The Mosquito was scheming to suck my blood, so I got into a panic and looked for a hiding- place."
"Oh, my god."
"Well,
go and say the Mosquito is wanted."
"Ye, Yes."


The Mosquito came to the Crab, buzzing and buzzing. The Crab could not stand his behaviour.
"What's the matter?"
"Were you going to suck the Fiefly's blood?"
"Yes, it's because I'm a mosquito."
Mosquitoes bite any creature they see. If they see you, they'll bite you.
"Oh, mother, a mosquito's bitten me."
The Mosquito's haughty speech made the Crab furious. He was ready to clamp the Mosquito, raising his pincer.
"Bah, you small fry!"
The Mosquito was clever enough to attack the Crab's eye, the weakest part of his body.
"Must bite the softest part."
"Bite me if you dare!"
As his tender eyes were bitten by the mozzie, he cried out in pain.
"I've got blind."
Having poor eyesight, the Crab failed to fight back.
"Ahh ... I'm in hot water."
At last, the Crab fled into the hole. The Mozzie always waited by the crab's hole, buzzing without pause.
END


ဖိုးဇော်
PO ZAW
ရေးဆွဲသူ
By Zetti
ဖိုးဇော်နဲ့ ဖိုးကော်တို့ ညီအစ်ကို ခြံထဲမှာ ဘောလုံးကန်နေကြတယ်..
"Po Zaw and Po Kaw, the two brothers, were playing football in the garden."
ခြံထဲက သစ်ရွက်ခြောက်တွေ ရှင်းပြီးမှ ဆက်ကစားကြပါလား သားတို့ရယ်..
"Go on playing only after clearing up the dried leaves, Sons."
ကစားတာကိုရပ်.. ခြံထဲက သစ်ရွက်ခြောက်တွေ ရှင်းလိုက်ကြစို့ ညီလေး..
"Stop playing. Let's get rid of the dried leaves here, Young Brother."
သစ်ရွက်ခြောက်တွေ ကောက်ရတဲ့ အလုပ်က ပျင်းစရာကြီး ကိုကိုဇော်..
"It's boring to gather dried leaves, Ko Ko Zaw."
အေး ဒါပေမဲ့.. ဒီအလုပ်ပြီးမှ ငါတို့ ဆက်ကစားလို့ ရမှာမဟုတ်လား..
"Yes, but, we have to finish the work before we continue to play."
ဖိုးကော်မှာ စိတ်မပါဘဲ.. သစ်ရွက်ခြောက်တွေလိုက်ကောက်နေတယ်..
Po Kaw was gathering dried leaves unwillingly.
သစ်ရွက်ခြောက်တွေ မြန်မြန်ရှင်းပြီးအောင်.. ဘယ်လိုလုပ်ရင် ကောင်းမလဲ..
"What should we do to finish clearing up in no time?"
အကြံရပြီ..
"I've got an idea."


ဒလိမ့်တုံး ကို ကော်သုတ်လိုက်တယ် ..
He applied glue to the roller.
ကော်
ဒလိမ့်တုံး ကို တွန်းသွားတော့ .. သစ်ရွက်ခြောက်တွေ ကပ်ပါလာတယ် ..
When he pushed along the roller, the dried leaves were stuck up.
ကိုကိုဇော်ရဲ့ အိုင်ဒီယာ တယ်ကောင်းပါလား သစ်ရွက်ခြောက်တွေ လိုက်ကောက်စရာ မလိုတော့ဘူး နော် ..
"Great! Ko Ko Zaw, your idea is good. There's no need to pick up one leaf after another."
ဒလိမ့်တုံး မှ သစ်ရွက်ခြောက်တွေ ခွာပြီး .. အမှိုက်ပုံးထဲ ထည့်ချိန်မှာ ..
Taking the leaves off the roller, they tried to put them into the dust-bin.
လက်မှာကပ်ကုန်ပြီ ..
"Some leaves are sticking to our hands."
ကိုကိုဇော်ရဲ့ အိုင်ဒီယာ အစကောင်း ပေမယ့် .. အခုတော့ ပြဿနာတက်ပြီ ..
"Your idea's no longer good now."
ဟောတော့ .. သားတို့ လက်တွေ သွားဆေးကြ .. ပြီးရင် ဒီကို ပြန်လာခဲ့ .. မေမေ ပြောမယ် ..
"Oh, my! Wash your hands. Then, come back and do as I tell you."
သားကြီးဇော်က တံမြက်စည်း လှည်းပြီး သစ်ရွက်ခြောက်တွေ စုပုံပေး ..
"Elder Son, sweep up the leaves, and heap them up."
သားလေးကျော်က သစ်ပြားနှစ်ချပ်နဲ့ ညှပ်ကျုံးပြီး .. အမှိုက်ပုံးထဲကို ထည့်ရင် .. စနစ်တကျ သန့်ရှင်းရေးအလုပ် မြန်မြန်ပြီးတာပေါ့
"Younger Son, gather them up with the two wooden boards and put them into the dust-bin. You can finish the task of clearing up systematically in no time."
ဖိုးဇော်နဲ့ ဖိုးကျော်တို့ ခြံထဲက သစ်ရွက်ခြောက်တွေကို သန့်ရှင်းရေး လုပ်ပြီး နောက် .. ပျော်ရွှင်စွာ ဘောလုံး ဆက်ကစားနေကြလေသတည်း။
After clearing up the dried leaves, they enjoyed playing again in the garden.
ပြီး
END

**ဥပဒေဘောင်တွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။**



(ကလေးဝတ္ထု)

# သီတင်းကျွတ်ချိန်

နွေသင်နိုင်

မောင်တိုးသည် လေးတန်းကျောင်းသားတစ်ယောက်ဖြစ်သည်။ လေးတန်းကျောင်းသားနှင့်မတူအောင် စဉ်းစားတွေးခေါ်ရာမှာ ပိုကဲနေတတ်သည်။ မြန်မာလအမည်မှာ သီတင်းကျွတ်လဆိုတာရှိသည်။ သည်လကို ဘာကြောင့် သီတင်းကျွတ်လလို့ ခေါ်ရတာလဲ။ ဆီမီးတွေရော ဘာ့ကြောင့်ထွန်းရတာလဲ။ မောင်တိုးသိချင်သဖြင့် ဖေဖေ့ကို မေးသည်။ ဖေဖေက မဖြေပါ။ ဒီကောင်၊ ဘာတွေ လျှောက်မေးနေတာလဲဆိုပြီး မောင်တိုးကို မာန်လွှတ်သည်။ မောင်တိုး ငြိမ်ငြိမ်ပဲ နေလိုက်ပါသည်။

ယခုတော့ မောင်တိုးတစ်ယောက် ရှစ်တန်းကျောင်းသားဖြစ်နေပါပြီ။ သီတင်းသီလဆောက်တည်သည့် နေ့ရက်များ ပြီးဆုံး၍ သီတင်းကျွတ်ဟု ခေါ်ဆိုတာ ဖြစ်ကြောင်း၊ မြတ်စွာဘုရားရှင် နတ်ပြည်မှ စောင်းတန်းသုံးသွယ်ဖြင့် ဆင်းသက်လာခဲ့ခြင်းကို လူသားများက ဆီမီးများ ထွန်းညှိပူဇော်ကြရာမှ ဆီမီးများ ထွန်းညှိကြခြင်းဖြစ်ကြောင်း သိခဲ့ပါပြီ။

တကယ်တော့ မောင်တိုးက သီတင်းကျွတ်လဟူသည့် အချိန်ကာလကို ငယ်ငယ်ကတည်းက သာယာအေးချမ်းလှသည့် အချိန်အခါဟု နားလည်ပြီး အလိုလိုပျော်ရွှင်နေတတ်ခဲ့သူ ဖြစ်သည်။ ထို့ပြင် အဲဒီလမှာ မီးပုံးလေးတွေ ထွန်းရတာ၊ သင်္ဘောပုံစံတွေ၊ ကားပုံစံတွေကို ဝါးနဲ့ချိုးလုပ်ပြီး အရောင်စက္ကူတွေနှင့် ဖုံးအုပ်လို့ အထဲက ဖယောင်းတိုင်ထွန်းကာ ကြိုးနဲ့ဆွဲရတာတွေကို တခြားကစားနည်းတွေထက် ပိုပြီး သဘောကျနှစ်ခြိုက်ခဲ့သူဖြစ်သည်။ အဲဒီတုန်းက မေမေက မောင်တိုးကို ကစားခွင့်ပေးသည်။ မီးပုံးလေးတွေ၊ သင်္ဘောလေးတွေ၊ ကားလေးတွေ ဝယ်ပေးသည်။ ဖေဖေက ဝန်ထမ်းဘဝနှင့် နယ်တကာလှည့်ပြီး တာဝန်ထမ်းဆောင်နေရတာနှင့်ပဲ အိမ်မှာကြာကြာနေရသည် မရှိလှပါ။

ယခုဆိုလျှင် မောင်တိုးမှာ ညီလေးနှစ်ယောက်လည်းရှိနေသလို ဖေဖေလည်း အငြိမ်းစားယူပြီးလို့ အိမ်မှာ ရှိနေပါသည်။

ညီလေးနှစ်ယောက်ကို မောင်တိုးပဲ ထိန်းကျောင်းပေးရပါသည်။ မေမေကလည်း သိပ်မအားပါ။ ကျောင်းဆရာမတစ်ဦးဖြစ်ပါသည်။

ဒီလိုနှင့်ပဲ မောင်တိုးပျော်သည့် သီတင်းကျွတ်လ ရောက်ရှိလာခဲ့ပါသည်။ ညီများဖြစ်ကြသည့် သုံးနှစ်အရွယ် မောင်မိုးနှင့်လေးနှစ်အရွယ် မောင်ဇော်တို့လည်း ဆီမီးထွန်းတာတွေ၊ သင်္ဘော၊ ကားအရုပ်တွေကြိုးနှင့် ဆွဲတာတွေကို ပျော်စရာအဖြစ် မြင်တတ်နေပါပြီ။ သူတို့ပျော်ရွှင်ဖို့အတွက် မောင်တိုးကပဲ မီးပုံးလေး လုပ်ပေးသည်။

ညရောက်ပြီဆိုလျှင် သင်္ဘော၊ ကားသဏ္ဌာန်မီးပုံးတွေထဲ ဖယောင်းတိုင်ထွန်းကာ ကြိုးနှင့်ဆွဲတန်ဆွဲ၊ အိမ်တိုင်မှာ ချိတ်တန်ချိတ် လုပ်ပေးသည်။ မောင်မိုးနှင့် မောင်ဇော်တို့ ပျော်ရွှင်ကြည်နူးနေကြတာကိုကြည့်ပြီး မောင်တိုးလည်း ပျော်ရပါသည်။

မောင်တိုးတို့ မြို့မှာ အလောင်းစည်သူမင်းကြီး တည်ခဲ့သည့် ရွှေကူဘုရားက မြို့လယ်မှာ ကိန်းဝပ်စံပယ်တော်မူသည်။ ခုလို သီတင်းကျွတ်လဆိုလျှင် ရွှေကူဘုရားပွဲတော်ကို တစ်မြို့လုံး ပါဝင်နွှဲပျော်လေ့ရှိသည်။

အထူးသဖြင့် သီတင်းကျွတ်လပြည့်နေ့ ညဆိုလျှင် ရွှေကူဘုရား ရုပ်ပွားတော်မြတ်ကြီးက မြို့အနှံ့ ဒေသစာရီကြွချီပါသည်။ ထိုအခါမှာ ဆီမီးရောင်စုံတွေ ထွန်းပြီး ကားကြီးကားငယ် အသွယ်သွယ်ဖြင့် အပူဇော်ခံပါသည်။

ရွှေကူဘုရားကြီး ဒေသစာရီကြွချီ ပြီလားဆို မောင်တိုးတို့ ငယ်ငယ်တုန်းက လမ်းတစ်နေရာက စောင့်ပြီး ကြည့်ကြသည်။ ဘုရင်ကြီးတွေ၊မင်းညီမင်းသားတွေ၊ မှူးကြီးမတ်ရာတွေကို တအံ့တသြ ငေးကြည့်ရသည်။ အကပဒေသာများကို ကြည့်ရသည်မှာ သဘောကျစရာ ကောင်းသည်။

မောင်တိုးငယ်ငယ်က ဒေသစာရီကြွချီသည့် လှည့်လည်ပွဲတော်ကို သွားကြည့်ဖို့ရန် လိုက်ပို့ပေးမည့်သူ မရှိခဲ့ပါ။ အရွယ်လေးရလာတော့မှ သူငယ်ချင်းတွေနှင့် သွားကြည့်ခဲ့ရသည်။

သီတင်းကျွတ်လရောက်ပြီဆိုလျှင် မောင်တိုး ရွှေကူဘုရား၏ ဒေသစာရီပွဲတော်ကိုလည်း တွဲပြီး အမှတ်ရလှပါသည်။

ယခု သည်ကွက်လပ်ကို မောင်တိုးဖြည့်ရပေမည်။ ညီလေးမောင်ဇော်နဲ့ မောင်မိုးကို သည်ပွဲ လိုက်ပြရမည်။

သည်တော့ စက်ဘီးရှေ့ဘားတန်းပေါ်မှာ မောင်မိုးကိုတင်၊ ပုဆိုးကိုခေါက်ခု၊ စက်ဘီးနောက်ကယ်ရီယာပေါ်မှာ မောင်ဇော်ကိုတင်ပြီး ညီငယ်တွေကိုပြဖို့ ရွှေကူဘုရား ဒေသစာရီပွဲလှည့်လာမည့် လမ်းတစ်နေရာဆီသို့ မောင်တိုး စီးနင်းသွားပါသည်။


မကြာခင်မှာ ဒေသစာရီကြွချီလာပါသည်။ ဘုရားမကြွခင်မှာ စည်တော်သံတည်ညံနှင့် ထွက်လာပါသည်။ တစ်ဆက်တည်းတွင် အကအလှများ ပါလာပါသည်။ လျှပ်စစ်မီးတွေ ထွန်းထားတာကလည်း လင်းထိန်နေပါသည်။ ရောင်စုံတွေပါနေသေးတော့ လှလည်းလှနေသည်။

မောင်ဇော်နှင့်မောင်မိုးတို့ တအံ့တသြ ဖြစ်နေကြသည်။ ဟာ...ဟာ...၊ ဟားဟားဆိုပြီး လက်ညှိုးတထိုးထိုး လုပ်နေကြသည်။ "ဟိုမှာ ဒရင်ကြီး–ဒရင်ကြီး" ဆိုပြီး ဘုရင်ကြီးကို မပီကလာ ပီကလာပြောကာ ငေးမောနေသည်။ "ဟိုမှာ... မင်းတား၊ မင်းတား၊ မင်းတမီး၊ မင်း တမီး" ဆိုပြီးလည်း မင်းသက်မိနေကြသည်။ "ဟာ... ယောကျ်ားကြီးက မိန်းမအင်္ကျီတွေဝတ်ပြီး ကနေတယ် ဟားဟားဟားဟား" ဆိုပြီးလည်း ရယ်မောမဆုံး ရှိနေကြသည်။

ညီလေးနှစ်ယောက် ပျော်နေတာကြည့်ပြီး မောင်တိုး မျက်ရည်များပင် ကျမိပါသည်။ သည်အချိန်မှာ ဖေဖေက ဟိုလည်သည်လည် လုပ်နေပါလိမ့်မည်။ မေမေက တစ်နေကုန် စာပြနေရသဖြင့် မောမောနှင့် အိပ်ပျော်နေပါလိမ့်မည်။

မောင်တိုး ဒါတွေကို မတွေးတော့ပါ။ ညီလေးနှစ်ယောက် ပျော်ရွှင်နေသည်ဆိုရင်ပဲ ကျေနပ်လှပါသည်။ အထူးသဖြင့် သီတင်းကျွတ်ပွဲတော်ရဲ့ ပျော်စရာရွှင်စရာလေးတွေကို ညီလေးတွေ ကလေးဘာသာဘာဝခံစားနေရရင်ပဲ မောင်တိုးလည်း ပျော်မိပါတော့သည်။

\+ + + +


ATOM STUDIO
Baby Book-clone
By Maung Oo (Atom Studio)
"I'm Baby Book-clone. I'm a scientist."
"I'm going to build a robot."
"HOW TO CONSTRUCT A ROBOT."
A worm.
"I intend to have a chat with him to be less lonely, and make him do some chores for me. haw .... haw."
"I'm going to finish it. I've nearly finished it off...Must name him O Two."
Clook ...Clook ...Clook
"...Ah Wah Eii I've accomplished it. What the first thing I must make him do? Er ... Er Wow, what's wrong?"
EM!?
"Make a coffee for me. Then, bring me a glass of cool water. And, I'd like to read a book. Get a copy of Shwethway for me. Let me eat a dumpling. Then . . .And then . . .After that ... Give me ... I want to eat ... And ..."
END
JUNE2010

# English Grammar (Comparison with adjectives - 2)

KML

## နာမဝိသေသနများဖြင့် နှိုင်းယှဉ်ဖော်ပြခြင်း

**1. As ..... as**

လူပုဂ္ဂိုလ်နှစ်ဦး သို့မဟုတ် အရာဝတ္ထုနှစ်ခု၊ အကြောင်းရပ်နှစ်ခုကို နှိုင်းယှဉ်ရေးသားပြောဆိုသည့်အခါ as .... as ကြားတွင် adjective သို့မဟုတ် adverb ထားသို၍ ဝါကျဖွဲ့နိုင်သည်။ မည်သူဟာ မည်သူချောသလို ချောသည်၊ မည်သည့်ပစ္စည်းဟာ မည်သည့်ပစ္စည်း ကောင်းသလို ကောင်းသည် စသည်ဖြင့် ရေးသားပြောဆို သည့်အခါမျိုးတွင် နှိုင်းယှဉ်၍ ဖော်ပြသည့် သဘောဖြစ်သည်။ ဥပမာဝါကျများကို လေ့လာကြည့်ပါ။

Was the film **as funny as** his last one?
အဲဒီ ရုပ်ရှင်ကားဟာ သူရဲ့ နောက်ဆုံးပြသခဲ့တဲ့ ရုပ်ရှင်ကားလောက် ရယ်စရာကောင်းရဲ့လား။

Zaw Moe came round to my flat **as quickly as** he could.
ဇော်မိုးဟာ ကျွန်တော်နေတဲ့ တိုက်ခန်းကို အမြန်လာပြီးတော့ တွေ့ရုံလေးပဲ တွေ့သွားခဲ့တယ်။

သို့ရာတွင် အငြင်းသဘောဆောင်သည့် ဝါကျများကို ရေးသားသည့်အခါ **not as ... as** သို့မဟုတ် **not so ... as** ကြားတွေင် adjective ထားသို၍ ရေးလေ့ရှိသည်။ သမားရိုးကျအပြောနှင့် အရေးတွင်မှုယင်းအစား less ...than ကို ပို၍ သုံးသည်ကို တွေ့ရသည်။ အောက်တွင် ဖော်ပြထားသည့် ဥပမာဝါကျများကို လေ့လာကြည့်ပါ။

The gap between the sides is **not as wide as** it was.
(not as wide as ဟု ရေးမည့်အစား less wide than ဟုလည်း ရေးနိုင်သည် )
အစွန်းနှစ်ခုကြား ကွာဟမှုဟာ အရင်က ကျယ်သလောက် မကျယ်တော့ဘူး။

The bees are plentiful, but **not so common as** last summer.
ပျားတွေကတော့ အများကြီးပါပဲ၊ ဒါပေမဲ့ အရင်နွေရာသီတုန်းက များများစားစားတွေ့ရသလောက် မတွေ့ရတော့ဘူး။
(not so common as အစား less common than ဟုလည်း ရေးနိုင်သည်။)

Some people find cooking easy, but others are **not as/ so fortunate** (as these)
အချို့ လူတွေကတော့ အချက်အပြုတ်အလုပ်ဟာ သူတို့အတွက် လွယ်ကူကြတယ်။ ဒါပေမဲ့ အခြားသူတွေ အတွက်ကတော့ အဲဒီလူတွေ လွယ်လွယ်ကူကူ လုပ်နိုင် ကြသလို မလုပ်နိုင်ဘူး။

ဤနေရာတွင် မှတ်သားသင့်သည့် အချက်တစ်ခုမှာ **not as ... as** နှင့် **not so ... as** အသုံးနှစ်ခု အနက် **not so ... as** ကို ရေးသားပြောဆိုမှု အသုံးအနှုန်းများစွာတွင် တွေ့ရှိရသည်။ ဥပမာဝါကျများကို လေ့လာ၍ မှတ်သားပါ။



I'm **not so sure.**
ကျွန်တော်သိပ်တော့ မသေချာဘူး။

It's (= the situation is ) **not so bad.**
အခြေအနေက သိပ်မဆိုးပါဘူး။

**Not so loud!** (=be more quiet)
သိပ်အကျယ်ကြီး မဟုတ်ပါဘူး။

He's **not so good.** (=not very well).
သူသိပ်နေမကောင်းသေးဘူး။

2. **as+ adj+ a/an+ noun+ as**

အထက်တွင် ဖော်ပြပြီးဖြစ်သည့် as ... as နှင့် တွဲသည့် ဝါကျတည်ဆောက်ပုံတွင် adjective ၏ နောက်ဘက်တွင် noun လိုက်ပါက၊ အဆိုပါ noun သည် အနည်းကိန်း (singular) ဖြစ်ပါက noun ၏ ရှေ့တွင် article ဖြစ်သည့် a/an ကို ထည့်ရသည်။ ဥပမာဝါကျများနှင့် ယှဉ်တွဲ၍ လေ့လာမှတ်သားပါ။

Despite his disability, he tried to lead **as normal a life as** possible.
သူဟာ မသန်မစွမ်းဖြစ်နေပေမယ့် အများသူငါလို အဖြစ်နိုင်ဆုံး ပုံမှန်လူပ်ရှား ဆောင်ရွက်နိုင်အောင် ကြိုးစားခဲ့တယ်။

She was **as patient a teacher as** anyone could have had.
သူမဟာ အများနည်းတူ စိတ်ရှည်တဲ့ဆရာမတစ်ယောက်ဖြစ်ခဲ့တယ်။

ဤဝါကျတည်ဆောက်ပုံမျိုးတွင် အငြင်းသဘော ဆောင်သည့် အဓိပ္ပာယ်ဖြင့် ရေးသားပြောဆိုပါက not such .... တည်ဆောက်ပုံဖြင့် ရေးသားနိုင်သည်။

He is **not as good a player as** he used to be. He is **not such a good player as** he used to be.
(စကားလုံးအထားအသို အစီအစဉ်ကွဲပြားသည်ကို သတိပြုပါ။)

သူဟာ အရင်ကလိုမျိုး ကစားသမားကောင်း တစ်ယောက် မဟုတ်တော့ပါ။
They are not **such terrible children as** we'd expected.
သူတို့ဟာ ကျွန်ုပ်တို့ မျှော်လင့်ထားသလို ဆိုးဝါးတဲ့ ကလေးတွေ မဟုတ်တော့ဘူး။
(adjective စာလုံး terrible နောက်တွင် လိုက်သော children မှာ အများကိန်းနာမ် plural noun ဖြစ်သောကြောင့် not as ... ပုံစံဖြင့် မရေးရဘဲ not such ... ပုံစံဖြင့် ရေးလေ့ရှိသည်ကို သတိပြုမှတ်သားပါ။ အကယ်၍ noun သည် အနည်းကိန်းနာမ် sigular noun ဖြစ်ပါက ပုံစံ နှစ်မျိုးစလုံးဖြင့် ရေးနိုင်သည်။)
အလားတူစွာပင် **how, so** နှင့် **too** တို့၏ နောက်ဘက်တွင် adjective လိုက်၍ အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်သည့်ပုံစံအတိုင်း ရေးနိုင်သည်။

စကားလုံးအတွဲပုံစံ **how**
**so + adj + a/an + noun**
**too**

ဥပမာဝါကျများကို လေ့လာကြည့်ပါ။
**How significant a role** did he play in your life?
သူဟာ မင်းရဲ့ဘဝမှာ ဘယ်လောက်အရေးပါတဲ့ အခန်းကဏ္ဍကို လုပ်ဆောင်ခဲ့သလဲ။

It's not quite **so straight forward a problem** as it might at first seem.
ကနဦးက ထင်ထားသလို ဒီပြဿနာဟာ သိပ်ကို လွယ်ကူရှင်းလင်းတဲ့ ပြဿနာတစ်ခုတော့ မဟုတ်ဘူး။

'Conspinay' is perhaps **too strong a word.**
လျှို့ဝှက်ပူးပေါင်း ကြံစည်မှုလို့ ပြောလိုက်တာဟာ အလွန်ပြင်းထန်တဲ့ စကားဖြစ်ကောင်းဖြစ်မယ်။

**How big a piece** do you want?
ဘယ်လောက်ကြီးတဲ့ အပိုင်းအစတစ်ခုကို မင်းလိုချင်တာလဲ။

3. as ... as ၏ ကြားတွင် **much** နှင့် **many** ကို ထည့်၍ အရေအတွက် မည်၍ရှိသည်ကို ပြောသည့်အခါ သုံးနိုင်သည်။ အောက်ပါဥပမာဝါကျများကို လေ့လာကြည့်ပါ။
She earns at least **as much as** Ni Ni Tun, and probably more.

သူမဟာ နီနီထွန်းဝင်ငွေရသလောက် အနည်းဆုံးရပါတယ်။ ပိုတောင်ပိုနိုင်ပါသေးတယ်။

London has twice **as many banks as** the rest of south-east England.
လန်ဒန်မြို့မှာရှိတဲ့ ဘဏ်အရေအတွက်ဟာ အင်္ဂလန်အရှေ့တောင်ဘက် ကျန်ဒေသတွေမှာရှိတဲ့ ဘဏ်အရေအတွက်ထက် နှစ်ဆရှိတယ်။

ထို့အပြင် အရေအတွက် သို့မဟုတ် အတိုင်းအဆ ပမာဏတစ်ခုများသည် သို့မဟုတ် နည်းသည်ဟု ပြောဆိုလိုသောအခါ **as much/ many as** သို့မဟုတ် **as little/ few as** ဖြင့် ဖော်ပြရေးသားနိုင်သည်။ many နှင့် few တို့ကို ဂဏန်းအရေအတွက်ဖြင့် လည်းကောင်း၊ much နှင့် little တို့ကို အတိုင်းအဆ ပမာဏ (ဥပမာ– ၅ ဒေါ်လာ၊ ၂၀%၊ ၃ မီတာ) စသည် တို့ဖြင့်လည်းကောင်း တွဲ၍ ရေးသားလေ့ရှိသည်။

There is a small number involved, possibly **as few as** a hundred (as little as ဟု မရေးရပါ။) ပါဝင်တဲ့ အရေအတွက်က နည်းပါးတယ်။ တစ်ရာလောက်ပဲ ရှိပါတယ်။

Prices have increased by **as much as** 300 per cent.
ဈေးနှုန်းတွေက ၃၀၀ ရာခိုင်နှုန်းလောက် မြင့်တက်သွားတယ်။

**4. so ... that; so ... as to**

so .... that ၏ ကြားတွင် adjective သို့မဟုတ် adverb ကို ထည့်ကာ that ၏ နောက်တွင် ဝါကျလိုက်ရမည်ဖြစ်သည်။ ဝါကျတည်ဆောက်ပုံကို အောက်ပါအတိုင်း မှတ်သားနိုင်သည်။

Subject+ verb/Be+ so+ adj+ that+ ဝါကျ
Subject+ verb/Do+ so+ adv+ that+ ဝါကျ

အကြောင်းအကျိုးကို ဖော်ပြသော ဝါကျတည်ဆောက်ပုံဖြစ်သည်။ လွန်းလို့/ တာမို့/ သောကြောင့်/ သဖြင့် ... စသည်ဖြင့် ဘာသာပြန်ဆိုနိုင်သည်။ လွယ်တာမို့ လုပ်နိုင်တယ်။ ပူလွန်းလို့ မသောက်နိုင်ဘူး၊ မြန်မြန်ပြေးတာမို့ မမီတော့ဘူး ... စသည်ဖြင့် အဓိပ္ပါယ်ရသည်။ ဥပမာဝါကျများကို လေ့လာကြည့်ပါ။

The recipe was **so simple that** even I could cook it (= because the recipe was so simple, even I could cook it.)
ချက်နည်းပြုတ်နည်းဟာ လွယ်ကူရှင်းလင်းတာမို့ ကျွန်တော်တောင်ချက်နိုင်တယ်။

He was walking **so slowly that** before too long we caught him up.
သူလမ်းလျှောက်တာ နှေးလွန်းတာမို့ ကျွန်ုပ်တို့ဟာ သိပ်မကြာခင်မှာ သူ့ကို မီလာခဲ့တယ်။
အထက်တွင် ဖော်ပြခဲ့သော အလားတူ အဓိပ္ပာယ်မျိုးကို **so ... as to** ပုံစံဖြင့်လည်း ရေးသားနိုင်သည်။ သို့သော် **so ... that** ပုံစံထက် အသုံးနည်းသည်ကို တွေ့ရသည်။ အောက်ဖော်ပြပါ ဥပမာဝါကျကို လေ့လာကြည့်ပါ။

The difference was **so small as** to not to be worth arguing about (= because the difference was so small, it wasn't worth arguing about) ကွာခြားချက်ဟာ မဖြစ်စလောက်ဖြစ်တာမို့ အဲဒါနဲ့ ပတ်သက်ပြီး အငြင်းအခုံမလုပ်ထိုက်ဘူး။

\+ + +

## ရွှေသွေးစာစောင်


### စာတည်းအဖွဲ့

| | |
|---|---|
| စာတည်းမှူးချုပ် | – ဦးမျိုးထွန်း (မောင်စိမ်းနောင်–လယ်ဝေး) |
| စာတည်းမှူး | – ဦးခင်စိုး (စိုးစိုး–ပန်းတောင်း) |
| စာတည်း (တာဝန်ခံ) | – ဦးခင်မောင်လေး |
| စာတည်း | – ဦးမင်းဦး |
| | – ဒေါ်နုနုယဉ် (နန်းညွန့်ယဉ်ခမ်း) |
| စာပေလ/ထ | – ဒေါ်ကြည်ကြည်ဝင်း |



# သတ်ပုံစကားဝိုင်း(၁၇)

တင်လင်းဇော်



ဘကြီးညဏ်၏ ကွပ်ပျစ်သို့ အစောဆုံးရောက်နေသူတို့ကား လုံးတုံးနှင့် ပုံ့ပုံ့တို့ မောင်နှမနှစ်ယောက်ဖြစ်ကြသည်။ လင်းလင်းတို့အဖွဲ့ မရောက်ကြသေးပေ။

ဘကြီးညဏ် ။ ။ ဟာ ...လူကြီးမင်းတို့က အစောကြီးရောက်နေကြတာကိုး။ ကျောပိုးအိတ်တွေလည်း ပါလာကြတယ်နော်။

လုံးတုံး ။ ။ ဟုတ်တယ် ဘကြီး။ မေမေက ကိုကိုကြီးတို့စကားဝိုင်းထဲ ဝင်မရှုပ်နဲ့။ စာရေးနေလို့ဆိုပြီး ဒီမှာ ရေးပေးလိုက်တယ်။ အဲဒါ တစ်မျက်နှာ ကူးရေးရမှာ။

ပုံ့ပုံ့ ။ ။ မီးမီးလည်း အဲလိုပဲဘကြီး။ ဒီနေ့ ဈမျဉ်းဆွဲ တစ်မျက်နှာရေးရမှာတဲ့။ မီးမီးတို့ မေမေကလည်း မှာလိုက်တယ်။

ဘကြီးညဏ် ။ ။ ရေးပြီးရင် ဘကြီးက စစ်ပေးရမှာပေါ့။ ဒီလိုလား။ ဘကြီးညဏ်ရဲ့ ကွပ်ပျစ်က ကျူရှင်ဖြစ်နေပြီထင်တယ်။

လင်းလင်း ။ ။ ဘကြီး။ သားတို့ရောက်ပြီ။ သားတို့ကျောင်းမှာ စာစီစာကုံးပြိုင်ပွဲရှိလို့ ဝင်ပြိုင်နေတာနဲ့ နောက်ကျသွားတာဘကြီး။

ဘကြီးညဏ် ။ ။ ဘာ စာစီစာကုံးလဲ သားရဲ့။

လင်းလင်း ။ ။ မူးယစ်ဆေးဝါးနဲ့ဆိုင်တဲ့ စာစီစာကုံးဘကြီး။ သားက ပြီးခဲ့တဲ့နှစ်က ခြောက်တန်းပဲရှိသေးတော့ မပြိုင်ဖြစ်ဘူး။ အခုနှစ်မှ ပြိုင်တာ။ (၅၊ ၆၊ ၇) က အလယ်တန်းဆင့်လေ ဘကြီး။ ဘကြီး မူးယစ်ဆေးဝါးက ယပက်လက်နဲ့ ယစ်ရတာနော် ဘကြီး။ သား သူငယ်ချင်းက မူးရစ်ဆေးဝါးလို့ ရေးတာတွေ့လို့ မေးကြည့်တာ။

ဘကြီးညဏ် ။ ။ သားရေးတာ မှန်ပါတယ်။ ရကောက်ရစ်တာ ရစ်ပတ်တာတို့၊ရစ်သီရစ်သီလုပ်တာတို့၊ ရစ်ငှက်တို့၊ ဗိုင်းငင်တဲ့ရစ်တို့မှာ သုံးရတာလေ။ ယပက်လက်ယစ်ကတော့ မူးယစ်ထိုင်းမှိုင်းတဲ့အရာမှာ သုံးရတာလေ။'မူးယစ်ဆေးဝါး' တဲ့။

သက်စု ။ ။ ဘကြီး။ သမီးလည်း ဝင်ပြိုင်ချင်တာပါပဲ။ ဒါပေမယ့် ကိုလင်းလင်းက နင်ကငယ်သေးတယ်။ ကျွန်မ၏ တစ်နေ့တာလုပ်ငန်းများဆိုတဲ့ စာစီစာကုံးကိုတောင် သတ်ပုံမှန်အောင် မရေးတတ်သေးဘဲနဲ့ ပြိုင်ပွဲမဝင်နဲ့ဆိုလို့။

ဘကြီးညဏ် ။ ။ သမီးက ဘာသတ်ပုံတွေ မှားတာလဲ။

သက်စု ။ ။ ကျွန်မသည် ညအိပ်ယာမဝင်မီ ဘုရားရှိခိုးပါသည်လို့ရေးတာ ဘကြီး။ အိပ်ယာကို ယပက်လက်နဲ့ ရေးတာမှားသတဲ့။

လင်းလင်း ။ ။ ဘကြီး။ အိပ်ရာက ရကောက်နဲ့ ရေးရတာနော်။ သားကောင်းကောင်း မှတ်မိတယ်။ နေတဲ့နေရာ၊ စားတဲ့နေရာ၊ အိပ်တဲ့နေရာမို့လို့ ရကောက်ရာနဲ့ ရေးရတာတဲ့။

ဘကြီးညဏ် ။ ။ ဟုတ်တယ် လင်းလင်း။ အိပ်ရာ သာမကဘူးကွယ့်။ ကြင်ရာတို့ အမှုအရာတို့၊ နက္ခတ်တာရာတို့၊ ဘင်ခရာတို့၊ သမုဒ္ဒရာတို့မှာ 'ရာ' ကိုပဲ သုံးကြတာ။

သက်စု ။ ။ ယပက်လက် 'ယာ' တွေက ဘာတွေလဲဘကြီး။

ဘကြီးညဏ် ။ ။ သမီးသက်စု ပြောကြည့်ဦးလေ။

သက်စု ။ ။ ကွမ်းယာ၊ လယ်ယာတွေမှာ 'ယာ' နဲ့ ရေးရမှာနော် ဘကြီး။

ဘကြီးညဏ် ။ ။ ဟုတ်တယ်သက်စု။ မြန်မာသဒ္ဒါထဲက ကြိယာ၊ စာရေးကိရိယာ၊ ကားဘီးတာယာ၊ ကားစပယ်ယာ၊ ဗယာကြော်အဲဒါတွေကိုလည်း ယပက်လက်ယာပါပဲ။

ခင်ချမ်းမြေ့ ။ ။ ဘကြီး။ သမီးနွေတုန်းက ဗုဒ္ဓဘာသာသင်တန်း သွားတက်သေးတယ်။ မင်္ဂလာကဗျာတွေလည်း ဆိုရတယ်။ ဘုရားစာတွေလည်း ဆိုရတယ်ဘကြီး။အဲဒီမှာ ဘကြီး 'ဝေယျာဝစ္စ' ဆိုတာကို ဖတ်ရတယ်။ ဟို ... ဉယျာဉ် ရေးသလိုပဲ ယပက် လက်ယပင့်ပေါ့။ အဲဒီ 'ယျာ' က နောက်ထပ် ဘာတွေရှိသေးလဲ။

ဘကြီးညဏ် ။ ။ ဟုတ်တယ်သမီး ခင်ချမ်းမြေ့။ ဝေယျာဝစ္စဆိုတာ ပါဠိစကားပဲ ..။ မြန်မာစာထဲရောက်လာတဲ့ ပါဠိစကားပေါ့။ 'ကိစ္စကြီးငယ်' လို့ အဓိပ္ပာယ်ရတယ်။ နောက်ထပ် ယပက်လက် ယပင့်ယျာတွေ ရှိသေးတာပေါ့ကွယ်။ ပေယျာလ ကန်တာတို့၊ ပေယျာလထိုးတာတို့ပဲ။ သမီးတို့ အတန်းကြီးလာတော့ သိလာမှာပေါ့ကွယ်။

လင်းလင်း ။ ။ ဘကြီး။ သားတို့ကျောင်းမှာ အသင်းတွေဖွဲ့တော့ သားက ကျန်စစ်သား (အဝါ) သင်းမှာပါတယ်။သားကို အသင်းခေါင်းဆောင် လျာထားတယ်လို့ ဆရာမက ပြောတယ်။ အဲဒါ 'ရာထား'တာ မဟုတ်လား။ ဘာကြောင့် ရကောက်နဲ့ မရေးတာလဲ။

ဘကြီးညဏ် ။ ။ ရေးတော့ အမှန်တိုင်းရေးရတယ်သားရဲ့။ ရေးတဲ့အတိုင်း အသံထွက်ပြီး ဖတ်ရင် 'လယာထားတယ်'၊ 'လျာထားတယ်'ပေါ့။ စကားပြောသလို ပြောရင် 'ရာထားတယ်' ပေါ့ကွယ်။ နောက်လည်း ရှိသေးတယ်ကွယ့်။ ဘုရားအလောင်းအလျာ၊ သားငါးဟင်းလျာတို့၊ မိန်းမလျာတို့လေ။ လ ယပင့်နဲ့ ရေးပေမယ့် ရကောက်အသံပဲထွက်ရတာ။

သက်စု ။ ။ ဘကြီး။ မိန်းမလျာက ရကောက်သံမဟုတ်ပါဘူး။ ရကောက်ဟထိုးသံပါ။ 'မိန်းမရှာ' နော် ခင်ချမ်းမြေ့။

ခင်ချမ်းမြေ့ ။ ။ ဟုတ်တယ်။

ဘကြီးညဏ် ။ ။ ဒီမြေးမနှစ်ယောက်က သိပ်တော်နေကြပါလားကွယ့်။ ဝမ်းသာသဗျာ။ ကဲ ... ဒီနေ့တော့ နားကြဦးစို့။


သစ်တောသစ်ပင် ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး အလှတိုး

# ကလေးတို့ ဉာဏ်ရည်ထက်မြက်စေဖို့

အကိန်း (ကာတွန်း)

ကလေးတို့ရေ..... ဖိုးကတုံးတစ်ယောက်စွန်လွှတ်ချင်နေတယ်။ ဘယ်ပတ်ဝန်းကျင် အနေအထားက စွန်အလွယ်တကူ လွှတ်တင်နိုင်မလဲဆိုတာ ဝေခွဲမရဖြစ်နေတယ်။ အောက်မှာ ရေးထားတဲ့ ပုံနှစ်ပုံထဲက အလွယ်တကူ လွှတ်တင်နိုင်မယ့်ပုံကို ရွေးချယ်ပြီး ကွက်လပ်ထဲမှာ အမှန် ✓ အမှတ်အသားကို ရေးခြစ်ပေးကြပါကွယ်။



မောင်တင်ယု

# ဖိုးလပြည့်

ဝ စိတ်ကူး
Δ လုံးကြီးတင်

# Po La Pyae

Story: Lone Gyi Tin
Illustrations: Maung Tin Yu






# ရွှေသွေးတို့ပျော်စရာ


တင်ပြသူ - နန်းညွန့်ယဉ်ခမ်း



## တူအောင်ခြယ်ပါ


ကလေးတို့ရေ…
ဘယ်ဘက်က ပုံလေးနဲ့တူအောင်
ဆေးရောင်လှလှ ခြယ်ကြည့်ကြပါကွယ်။






## ဘာလုပ်ရမလဲ


ကလေးတို့ရေ…
ပိုင်ပိုင်က ဆပ်ပြာပူဖေါင်းတွေ မှုတ်နေတယ်။
'A' ကနေ 'P' အထိ ဆပ်ပြာပူဖေါင်းလေးတွေမှာ
ရေးထားတဲ့ ရှေ့ဂဏန်း နှစ်လုံးကို ဘယ်လိုတွက်ရင်
နောက်ကအဖြေရမှာလဲကွယ်။ အပေါ်ဆုံးက
ပူဖေါင်းလေးထဲမှာ + - × ÷ သင်္ကေတလေးတွေ
မှန်အောင်ရေးပေးကြပါဦးကွယ်။
'A' ကို နမူနာရေးပေးထားတယ်နော်။





## ကွက်တိဖြစ်အောင်

ကလေးတို့ရေ…
ငှက်ကလေး ၁၀ ကောင်ကို ဖြတ်ယူပြီး
အလယ်က ကွက်လပ်ကလေးမှာ
ကွက်တိဖြစ်အောင် နေရာချကြည့်လိုက်ပါဦးကွယ်။



။ဂျစဆ

## စက်ဝိုင်းဝင်္ကပါ

ကလေးတို့ရေ…
မျဉ်းကြောင်းတွေကို မဖြတ်ဘဲ စက်ဝိုင်းဝင်္ကပါလေးထဲက
ထွက်ကြည့်ကြရအောင်နော်။

# မြန်ပြည်လုံးဝင်း ကျွတ်သီတင်း

❖ ဆီမီးအိမ်လေး ဝယ်ဖို့ရည်
သီတင်းကျွတ်တဲ့ သည်ရာသီ။

❖ တို့တစ်တွေ တူညီ ဆီမီးပွဲ
ပျော်ပျော်ရွှင်ရွှင် ဆင်ကာနွဲ့။

❖ ကြာပုတီးလေးလည်း လည်ဆွဲကာ
ဆွမ်းလောင်းသွားတဲ့ခါ။

❖ ယဉ်ကျေးသူငါ ကန်တော့ကြ
ဘိုးဘွားပေးတော့ မုန့်ဖိုးရ

❖ လပြည့်ညလည်း ဝင်းလို့ထိန်
ဆီမီးဝင်းပေါ့ လူတို့အိမ်။

❖ ဇရပ်ကျောင်းသိမ် မြို့ရွာဝင်း
မြန်မာပြည်လုံးလင်း။

မောင်ငြိမ်းရည် (မင်းကင်း)

